Australian Government

National
**Redress Scheme**

အဖွဲ့အစည်းဆိုင်ရာ
ကလေး လိင်ပိုင်း ပြုကျင့်ခံရသူများအတွက်

# နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို နားလည်ခြင်း

Burmese



# မာတိကာ


ဤစာစောင်အကြောင်း ........................................................................................ 4

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်အကြောင်း ........................................ 6

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ဆိုသည်မှာဘာလဲ။.............................................................. 6

နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို မည်သူရခွင့်ရှိသလဲ။ ........................................................ 7

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျှောက်ထားခြင်း............................................................ 8

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ချပေးရန် မည်မျှကြာမည်နည်း။ ............................................ 9

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများမှာ ဘာလဲ။............................................ 10

အဖွဲ့အစည်းများအား တာဝန်ခံစေခြင်း ............................................................................ 11

ဥပဒေအရ တရားစွဲခြင်းအစား နောက်တစ်နည်း..................................................................13

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို မည်သူက ကြီးမှူးဆောင်ရွက်သနည်း။ .........15

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှု အစီအစဉ်တွင် ကလေး လိင်ပိုင်းပြုကျင့်မှု
ကို မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသနည်း။ ...........................................................................16

# ဤစာစောင်အကြောင်း

ဤစာစောင်မှာ သြစတြေးလျနိုင်ငံရှိ နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) ကို လျှောက်ထားမည်ဟု စဉ်းစားနေသည့် အသက် ၁၈ နှစ် သို့မဟုတ် အထက် အရွယ် မည်သူမဆိုအတွက်ဖြစ်ပါသည်။

အကယ်၍ နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်မှာ သင့်အတွက်၊ ချမှတ်ပေးမည့် ကုစားမှု၊ လျှောက်ထားရပုံနှင့် အကူအညီရယူပုံတို့မှာ သင့်တော်သည် ဟုတ်မဟုတ် သင် ဆုံးဖြတ်ရန် အချက်အလက်များ ဤစာစောင်တွင်ရှိပါသည်။

## ဤစာစောင်တွင် စိတ်သောကရောက်နိုင်သည့် အချက်အလက်များပါရှိသည်။

အကယ်၍ သင် ချက်ချင်းလက်ငင်း ပံ့ပိုးမှုလိုအပ်လျှင် သင် အောက်ပါအဖွဲ့အစည်းများကို ဆက်သွယ်နိုင်သည်-

**Blue Knot Foundation** – 1300 657 380

**Beyond Blue** – 1300 224 636

**Care Leavers Australasia Network** – 1800 008 774

**Full Stop Australia** – 1800 385 578

**Lifeline** – 13 11 14

**MensLine Australia** – 1300 789 978

**1800RESPECT** – 1800 737 732

မြောက်မြားစွာသော ကလေးများ သြစတြေးလျား အဖွဲ့အစည်းများ အတွင်း လိင်ပိုင်းပြုကျင့်ခံခဲ့ရသည်မှာ နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) က အမှန်စင်စစ်ဖြစ်ကြောင်း **လက်ခံ**ပါသည်။

ဤမတရားပြုကျင့်မှုကြောင့် ဝေဒနာ ခံစားခဲ့ရသည်ကို **အသိအမှတ်ပြု**သည့်အပြင် ဤမတရားပြုကျင့်မှုအတွက် အဖွဲ့အစည်းများအပေါ် **တာဝန်ခံစေသည်**။

## နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) အကြောင်း

Royal Commission သည် ကလေး လိင်ပိုင်းပြုကျင့်မှုအပေါ် တုံ့ပြန်ချက်များကို ကြားနာပြီးနောက် သြစတြေးလျနိုင်ငံအစိုးရသည် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) ကို ၂၀၁၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

Royal Commission သည် ငါးနှစ်အတွင်း သတ္တိရှိသော လူပေါင်း တစ်သောင်းခြောက်ထောင် (၁၆ ၀၀၀) တို့ထံမှ ၎င်းတို့ အဖွဲ့အစည်းများတွင် နေထိုင်ခဲ့စဉ် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းပြုကျင့်မှု အတွေ့အကြုံများကို ကြားနာခဲ့ပါသည်။

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေးဆိုသည်မှာ ဘာလဲ။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေးဆိုသည်မှာ အဖွဲ့အစည်းများတွင် ကလေး လိင်ပိုင်းပြုကျင့်ခံရသူများအပေါ် နစ်နာဆုံးရှုံးမှုဝေဒနာကို စစ်မှန်ကြောင်းလက်ခံပေးခြင်းနှင့် အဖွဲ့အစည်းများအပေါ် တာဝန်ရှိစေခြင်းဖြစ်ပါသည်။

လူများအနေဖြင့် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) ကို စာရွက်လျှောက်လွှာပုံစံ ဖြည့်ခြင်းအားဖြင့် သို့မဟုတ် myGov မှတစ်ဆင့် အွန်လိုင်း လျှောက်လွှာပုံစံ ဖြည့်ခြင်းအားဖြင့် လျှောက်နိုင်သည်။

နစ်နာဆုံးရှုံးမှုကုစားရေး ချမှတ်ပေးခြင်းတွင် ပါဝင်နိုင်သည်မှာ-

- **လျော်ကြေး**
- **လျှို့ဝှက်စွာနှင့် ယဉ်ကျေးမှုအရ လုံခြုံသော ဆွေးနွေးနှစ်သိမ့်ပေးခြင်း**
- **အဖွဲ့အစည်းမှ တောင်းပန်စာကဲ့သို့ ကိုယ်တိုင် တိုက်ရိုက် ပြန်ကြားစာ။**

မည်သို့သောနစ်နာဆုံးရှုံးမှုကုစားရေး ချမှတ်ပေးမှု အစိတ်အပိုင်းကို သင် လက်ခံရရှိလိုကြောင်း သင် ရွေးချယ်နိုင်သည်။

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို မည်သူက လျှောက်နိုင်သနည်း။

| အောက်ပါကိစ္စ၌ သင် လျှောက်ထားနိုင်သည်- |
| --- |
| • ကလေးတစ်ဦး **(အသက် ၁၈ နှစ်အောက်)** အဖြစ်ဖြင့် သင် လိင်ပိုင်းပြုကျင့်ခံရလျှင်၊ ထို့ပြင် |
| • သင်သည် **၂၀၁၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့**မတိုင်မီ မွေးဖွားရမည်ဖြစ်ပြီး |
| • ပြုကျင့်ခံရမှုမှာ သင် အဖွဲ့အစည်းတွင်ရှိနေစဉ် **၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့** မတိုင်မီ ဖြစ်ပွားခဲ့သည့်အပြင် |
| • လျှောက်ထားချိန်၌ သင်သည် **ဩစတြေးလျနိုင်ငံသား** သို့မဟုတ် အမြဲတမ်းနေထိုင်သူဖြစ်လျှင် လျှောက်နိုင်သည်။ |

### ရထိုက်ခွင့်အကြောင်း အချက်အလက်အပို

ရထိုက်ခွင့်အကြောင်း အသေးစိတ်အချက်အလက်များကို
သင် ဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သည်-
nationalredress.gov.au/applying/who-can-apply

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျှောက်ထားခြင်း

လူများအနေဖြင့် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို စာရွက်လျှောက်လွှာပုံစံ သို့မဟုတ် အွန်လိုင်းလျှောက်လွှာပုံစံကို ဖြည့်စွက်ခြင်းဖြင့် လျှောက်ထားနိုင်သည် သို့မဟုတ် အတတ်ပညာရှင်က ၎င်းတို့အား လွှဲပို့ပေးနိုင်သည်။

လူအများအပြားသည် လျှောက်ထားရန်အကြောင်း တစ်ဦးဦးနှင့်စကားပြောဆိုရန်၊ လျှောက်လွှာပုံစံကို ဖြည့်စွက်ရန်အတွက် အကူအညီရယူရန်၊ သို့မဟုတ် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ချပေးသည်ကို စဉ်းစားသည့်အခါ အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

**သင် လျှောက်လွှာကို myGov မှတစ်ဆင့် ဖြည့်စွက်ပြီး သို့မဟုတ် စာဖြင့် ရေးသား၍ လျှောက်လွှာတင်သွင်းနိုင်သည်။**

**သင် ယုံကြည်ရသူတစ်စုံတစ်ဦးအား လျှောက်လွှာဖြည့်ခိုင်းနိုင်သည် သို့မဟုတ် သင့်ကိုယ်စား လျှောက်ပေးရန် တစ်ဦးဦးကို လွှဲအပ်နိုင်သည်။**

**လျှောက်လွှာကို သင့် ကိုယ်ပိုင်အချိန်တွင် ဖြည့်စွက်နိုင်ပါသည်။**

**လျှောက်လွှာများကို ၂၀၂၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဖွင့်လှစ်ထားပါသည်။**

### လျှောက်လွှာကို မစတင်မီ အကြံပြုချက်

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် လျှောက်ထားခြင်းတွင် မည်သည့်အရာ ပါဝင်သည့်အကြောင်း ပိုမိုသိရှိရန် ဝက်ဘ်ဆိုက်တွင် ကြည့်ပါ-

nationalredress.gov.au/applying/start-continue-application

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ချပေးရန် မည်မျှကြာမည်နည်း။

လျှောက်ထားရန် ကြာမည့်အချိန်နှင့် ပြန်ကုစားရေး ချပေးရန် ကြာမည့်အချိန်မှာ လူတိုင်းအဖို့ ကွဲပြားခြားနားသည် အဘယ်ကြောင့်ဆိုသော် တစ်ဦးစီ၏ အခြေအနေများမှာ မတူသောကြောင့် ဖြစ်သည်။

**လျှောက်လွှာကို စိစစ်ရန် ပျမ်းမျှအချိန်မှာ ၁၂ လ ဖြစ်သော်လည်း ပိုကြာကောင်း ကြာနိုင်သည်။**

**သင့်လျှောက်လွှာတွင် အချက်အလက် များနိုင်သမျှများအောင် ထည့်သွင်းထားခြင်းအားဖြင့် စိစစ်ရေးအချိန်ကို နည်းစေနိုင်သည်။**

**နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများ (Redress Support Services) ကို ရရှိနိုင်ပြီး လျှို့ဝှက်လုပ်ပေးသည့် စိတ်ခံစားမှုဆိုင်ရာနှင့် လက်တွေ့ကျကျ ပံ့ပိုးမှုကို ဤအချိန်တစ်လျှောက်လုံး ဆောင်ရွက်ပေးပါသည်။**

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများမှာ ဘာလဲ။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများ (Redress Support Services) မှာ အခမဲ့ဖြစ်ပြီး သီးခြားလွတ်လပ်ကာ စိတ်ခံစားမှုဆိုင်ရာနှင့် လက်တွေ့ကျကျ ပံ့ပိုးမှုကို ဆောင်ရွက်ပေးပါသည်။

**၎င်းတို့က လုပ်ပေးနိုင်သည်မှာ-**

- ဆွေးနွေးတိုင်ပင်မည့်သူတစ်ဦးအဖြစ် ရှိရန်
- ရထိုက်ခွင့် အကြောင်း အချက်အလက် ပေးအပ်ရန်နှင့် အခြား နည်းလမ်းများ အကြောင်း ဆွေးနွေးပေးရန်
- သင့်အား လျှောက်လွှာပုံစံကို ကူဖြည့်ပေးရန်
- နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်နှင့် သင့်ကိုယ်စား ပြောဆိုပေးရန် တို့ဖြစ်ပါသည်။

အထူးပြုဝန်ဆောင်မှုများကို မသန်စွမ်းသူ၊ စောင့်ရှောက်မှုအောက်မှထွက်လာသူများနှင့် ယခင် ကလေး ရွှေ့ပြောင်းလာသူများကဲ့သို့သော လူများအတွက် ရရှိနိုင်ပါသည်။

knowmore Legal Service ဟုခေါ်သော ဥပဒေအကြံပေး လုပ်ငန်းဌာနက အခမဲ့ လျှို့ဝှက်လုပ်ပေးသည့် ဥပဒေဆိုင်ရာ ပံ့ပိုးမှုနှင့် ငွေကြေးဆိုင်ရာ ဆွေးနွေးအကြံပြုမှုကို ဆောင်ရွက်ပေးသည်။

**သင့်အနီးအနားရှိ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးမှု ဝန်ဆောင်မှုများ (Redress Support Services) ကိုရှာပါ**

သင့်ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေတွင် ရနိုင်သည့် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးမှု ဝန်ဆောင်မှုများ စာရင်းကို သင် ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်-

nationalredress.gov.au/support/explore

## အဖွဲ့အစည်းများအား တာဝန်ခံစေခြင်း

ကလေးများအား လိင်ပိုင်းဆိုင်ရာ ပြုကျင့်မှုအတွက် တာဝန်ရှိကြောင်း တွေ့ရှိခံရသည့် အဖွဲ့အစည်းများကို နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) က တာဝန်ခံစေသည်။

**အဖွဲ့အစည်းတစ်ခုမှာ ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း၊ ဗလီ၊ ဘုန်းကြီးကျောင်း၊ ဂျူးဘုရားကျောင်း၊ မစ်ရှင်အဖွဲ့၊ မိဘမဲ့ဂေဟာ၊ ကလေးမွေးစားအိမ်၊ ဆေးရုံ၊ ထိန်းသိမ်းရေးစခန်း သို့မဟုတ် အားကစား အသင်း တစ်ခုဖြစ်နိုင်သည်။**



၎င်းတွင် လိင်ပိုင်းဆိုင်ရာ ပြုကျင့်မှုမှာ အဖွဲ့အစည်း၏ ပရဝုဏ်တွင် ဖြစ်ပွားခဲ့သည့်အခါ၊ တဲထိုးစခန်းချ လေ့လာရေးကဲ့သို့ အဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် လေ့လာရေးလုပ်စဉ် ဖြစ်ပွားခဲ့သည့်အခါ အခြေအနေများ အကျုံးဝင်သည်။

ကလေးများနှင့် အဆက်အသွယ် သမိုင်းကြောင်းရှိနေကြသည့် အဖွဲ့အစည်းအားလုံးအား နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) နှင့် ပူးပေါင်းကြရန် ဩစတြေးလျနိုင်ငံအစိုးရအနေဖြင့် အလေးအနက် တိုက်တွန်းပါသည်။

အကယ်၍ လူတစ်ဦးက နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) နှင့် မပူးပေါင်းသေးသော အဖွဲ့အစည်းအပေါ် ပြန်ကုစားမှုရရန် လျှောက်ထားပါက အဆိုပါ အဖွဲ့အစည်းအား ပူးပေါင်းပေးရန်အတွက် ခြောက်လ အချိန်ပေးပါသည်။

အကယ်၍ အဆိုပါအဖွဲ့အစည်းက ခြောက်လအတွင်း မပူးပေါင်းလျှင် ၎င်းအဖွဲ့အစည်းအနေဖြင့် လူသိရှင်ကြား အမည်ထုတ်ဖော်ခံရနိုင်ပြီး မပူးပေါင်းမချင်း ကုသိုလ်ဖြစ် အဖွဲ့အစည်းအဖြစ် အဆင့်အတန်း ဆုံးရှုံးနိုင်သည်။

### ပူးပေါင်းသည့် အဖွဲ့အစည်းများကို ရှာပါ

အဖွဲ့အစည်းတစ်ခုမှာ နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) နှင့် ပူးပေါင်းသည် ဟုတ်မဟုတ် သင် ဝက်ဘ်ဆိုက်တွင် စစ်ဆေးနိုင်သည်-
nationalredress.gov.au/institutions/search

“ ကျမဟာ ကျမဘဝရဲ့ တစ်စိတ်တစ်ပိုင်းကို ပိတ်သိမ်းလိုက်ပါပြီး၊ နောက်ဆုံးတော့ ကျမဘဝကို ကျမ ရှေ့ဆက်လျှောက်လှမ်းနိုင်ပါပြီ။ ကျမအပေါ် ဖြစ်ပျက်ခဲ့တဲ့အရာကြောင့် ဒီနာကျင်မှုဝေဒနာကို ဖယ်ရှားလို့မရသော်လည်း အနည်းအကျဉ်းတော့ သက်သာသွားပါပြီ။ ”

**Jessie, survivor**

## ဥပဒေအရ တရားစွဲခြင်းအစား နောက်တစ်နည်း

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) သည် အဖွဲ့အစည်းအပေါ် ဥပဒေကြောင်းအရ တရားစွဲမည့်အစား နောက်တစ်နည်းဖြစ်ပါသည်။

သင် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) သို့ လျှောက်ထားသည့်အခါ၊ လိုအပ်သည့် အထောက်အထားအဆင့်မှာ တရားရုံးများထက် နိမ့်ကျပါသည်၊ သင့်အနေဖြင့် အဖွဲ့အစည်းနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံစရာ မလိုအပ်ပါ။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျှောက်ထားခြင်းနှင့် တရားရုံးများတွင် တရားမနစ်နာမှု တရားစွဲဆိုခြင်း အကြား အဓိက ကွာခြားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် | တရားရုံးများ၌ တရားမနစ်နာမှု တရားစွဲခြင်း |
|---|---|
| လျှောက်လွှာပုံစံ | ရှုပ်ထွေးသည့် လုပ်ငန်းစဉ် |
| တောင်းပန်စာ ရနိုင်သည် | တောင်းပန်စာ ရနိုင်သည် |
| လုပ်ငန်းစဉ်မှတစ်ဆင့် အခမဲ့ လျှို့ဝှက်လုပ်ပေးသည့် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး | အခြေအနေပေါ်မူတည်ပြီး ပံ့ပိုးဝန်ဆောင်မှုများ ရကောင်းရနိုင်သည် |
| လျော်ကြေး အများဆုံး ပမာဏမှာ $150,000* | လျော်ကြေး ပမာဏ ကန့်သတ်ချက် မရှိ |
| စင်တာလင့် ထောက်ပံ့ကြေးအပေါ် သက်ရောက်မှုရှိနိုင်သည် | စင်တာလင့် ထောက်ပံ့ကြေးအပေါ် သက်ရောက်မှုရှိနိုင်သည် |
| လျှောက်ထားရန် အခမဲ့ဖြစ်သည် | ဥပဒေဆိုင်ရာ ကုန်ကျစရိတ်များ ပတ်သက်နိုင်သည် |
| အထောက်အထားမှာ ဥပဒေဆိုင်ရာ အဆင့်နိမ့်ကျသောစံနှုန်း လိုအပ်သည် | အထောက်အထားမှာ ဥပဒေဆိုင်ရာ အဆင့်မြင့်သောစံနှုန်း လိုအပ်သည် |

*ပြန်ကုစားရေး လျော်ကြေးများမှာ ပြုကျင့်မှု အမျိုးအစားအပေါ်မူတည်၍ $10,000 အောက်မှ အများဆုံး $150,000 အထိ အမျိုးမျိုးဖြစ်သည်။

"ထွက်လာပြီး ပြောဆိုပါ။ တစ်စုံတစ်ယောက်နှင့် ပြောဆိုပြီး နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) ကို လျှောက်ပါ။ သင့်အပေါ် ဖြစ်ပျက်ခဲ့တဲ့အရာကို အမှန်တကယ် လက်ခံတာကို ရယူပါ။"

**Martin, survivor**

## နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် ကို မည်သူက ကြီးမှူး ဆောင်ရွက်သနည်း။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) ကို ဩစတြေးလျနိုင်ငံအစိုးရက ကြီးမှူးဆောင်ရွက်သော်လည်း သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူက လျှောက်လွှာများကို စဉ်းစားသုံးသပ်သည်၊ ဆုံးဖြတ်ချက်ကို ဆုံးဖြတ်သည်၊ ပြန်လည်သုံးသပ်မှုကို သုံးသပ်ဆုံးဖြတ်သည်။

သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူများသည် လူမှုဖူလုံရေး၊ အမှုကိစ္စစီမံခန့်ခွဲရေးနှင့် ဥပဒေလောက အပါအဝင် နောက်ခံအမျိုးမျိုးမှ အလွန့်အလွန် အတွေ့အကြုံရင့်ကျက်ပြီး လေးစားခံထိုက်သူများဖြစ်ကြပါသည်။



**သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူများ**

သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူများအကြောင်း ဝက်ဘ်ဆိုက်တွင် သင် ပိုမိုသိရှိနိုင်သည်-

nationalredress.gov.au/applying/what-happens-next/independent-decision-makers

## နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှု အစီအစဉ် တွင် ကလေး လိင်ပိုင်းပြုကျင့်မှု ကို မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသနည်း။

ကလေး လိင်ပိုင်းပြုကျင့်မှု ဆိုသည်မှာ တစ်စုံတစ်ယောက်က အသက် ၁၈ နှစ် အောက် အရွယ်နှင့် ၎င်း တို့နားမလည်သည့် လိင်ပိုင်းကိစ္စများ ကျူးလွန်သည့်အခါ လူမှုအသိုက်အဝန်း စံနှုန်းများနှင့် ဆန့်ကျင် ပါသည် သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်ပါသည်။

| ကလေး လိင်ပိုင်းပြုကျင့်မှုတွင် (ကန့်သတ်ထားသည် မဟုတ်သော်လည်း) ပါဝင်သည်မှာ- |
| --- |
| ● ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်နေရာရာကို အရာဝတ္ထု တစ်ခု အပါအဝင်ဖြင့် အဝတ်ဝတ် ထားသည်ဖြစ်စေ မဝတ်ထားသည် ဖြစ်စေ လိင်ပိုင်းထိတွေ့ခြင်း |
| ● မြူဆွယ်ခြင်း – ကလေးအား လိင်ကိစ္စများ သို့မဟုတ် မဖွယ်မရာ ကိစ္စများ ပြသခြင်းအပါအဝင် လိင်ပိုင်းကိစ္စများတွင် ပါဝင်လုပ်စေရန် ကလေးတစ်ဦးအား ပြင်ဆင်ပေးခြင်း သို့မဟုတ် တိုက်တွန်းပေးခြင်း |
| ● ကလေးနှင့် လိင်ကိစ္စ တစ်မျိုးမျိုးလုပ်ခြင်း |
| ● လိင်ကိစ္စလုပ်ရန် ကလေးအား မြူဆွယ်ခြင်း သို့မဟုတ် အတင်းအကျပ်ပြုခြင်း |
| ● မည်သည့် ကျား မ လူကြီးတစ်ယောက်ကမဆို မည်သည့် ကျား မ ကလေးတစ်ယောက်ကိုမဆို ပြုလုပ်သည့် လိင်ကိစ္စ |

“

နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို လျှောက်ဖို့ အခြားသူတွေကို ကျမ တိုက်တွန်းပါတယ် – ကျမတို့ရဲ့ အဖြစ်အပျက်ကို နားထောင်ပေးဖို့ နောက်မကျသေးပါဘူး။ ”

**Lana, survivor**

# National
# Redress Scheme

အဖွဲ့အစည်းဆိုင်ရာ
ကလေး လိင်ပိုင်း ပြုကျင့်ခံရသူများအတွက်

---

**သင့် နည်းလမ်းများအကြောင်း ပိုမိုသိရှိရန် သို့မဟုတ် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများနှင့် ဆက်သွယ်ရန် ဖုန်း 1800 737 377 ကိုခေါ်ဆိုပါ**

တနင်္လာမှ သောကြာ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ
ဩစတြေးလျား အရှေ့ပိုင်းစံတော်ချိန် အတွင်း
ဖုန်းခေါ်ဆိုနိုင်ပါသည်

သင့်ဘာသာစကားဖြင့် စကားပြန်ပေးရန် ဘာသာပြန်နှင့် စကားပြန်ဌာန
ဖုန်း **131 450** ကိုခေါ်ဆိုပါ

**သို့မဟုတ် ဝက်ဘ်ဆိုက်**
**nationalredress.gov.au တွင်ကြည့်ပါ**

DSS2994.0623